# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ကော်မရှင်၏သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၃/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဟသ်ာတမြို့ရှိအကျဉ်းထောင်၊ ရဲအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းတို့အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ နှင့် ၂၆ ရက်နေ့များတွင် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ဟသ်ာတအကျဉ်းထောင်နှင့် ပတ်သက်၍ ဆရာဝန်ရရှိရေးတောင်းခံရန်၊ စုတ်ပြဲနေသည့် ဖယောင်းပုဆိုးဟောင်းများ ခင်းထားသည့် အိပ်ဆောင်များတွင် အသစ်လဲလှယ်ပေးရန်၊ TB ရောဂါသည် လူနာများအား အခြားအကျဉ်းသားများနှင့် တတ်နိုင်သရွေ့ ခွဲထားရန်၊ အမျိုးသမီးအကျဉ်းသူများအတွက် လစဉ်သုံး ဂွမ်းထုပ်များ ထုတ်ပေးနိုင်ရေးစီစဉ်ပေးပါရန်၊ ကိုယ်ဝန်ဆောင် (၁) ဦး၊ ကလေးမိခင် (၆) ဦးနှင့်ကလေး (၆) ဦးတို့အားဖြည့်စွက်အစာများ ကျွေးမွေးရန်၊ အိပ်ဆောင် ကော်ရစ်တာများရှိ မီးကြိုးများအား စနစ်တကျ ပြန်လည်ပြင်ဆင် သွယ်တန်းပေးရန်၊ အိပ်ဆောင်အချို့ရှိအိမ်သာများ ကောင်းမွန်သန့်ရှင်းစေရန်၊ မီးဖိုကြီးမျက်နှာကြက်တွင် ပိုးမျှင်များနှင့် မီးကြိုးများ ရှုပ်ထွေးနေသည်ကို ရှင်းလင်းပေးရန်၊ အကျဉ်းသား အိပ်ဆောင်များတွင် စာကြည့်တိုက် ၁ ခု သီးသန့်ထားရှိပေးရန် စသည်တို့ကို အကြံပြုခဲ့ပါသည်။

၃။ ဟသ်ာတမြို့နယ်တရားရုံးအချုပ်ခန်းသည် အကြီးစားပြင်ဆင်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်သဖြင့် ပြန်လည်ဆောက်လုပ်သည့်အခါ အချုပ်ခန်းတွင်အိမ်သာတွဲ၍ ဆောက်ရန်နှင့် အချုပ်ခန်း ဝင်ပေါက်တံခါးအားအမြင့် ၆ ပေထားရှိတည်ဆောက်ရန် စသည်တို့ကို အကြံပြုခဲ့ပါသည်။

၄။ ဟသ်ာတမြို့၊ အမှတ် ၁ မြို့မရဲစခန်းအချုပ်ခန်းဝင်ပေါက်သည် အမြင့် ၃ ပေခွဲသာရှိပြီး၊ အမှတ် ၂ နယ်မြေရဲစခန်း အချုပ်ခန်း ဝင်ပေါက်သည် အမြင့် ၄ ပေသာရှိသဖြင့် အချုပ်ခန်းဝင်ပေါက်များအား ၆ ပေအမြင့် ပြင်ဆင်သင့်ကြောင်းအကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်